# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 22, 2019 Volume 24, Number 13


**၂၂.၁၀.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၈၄ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၆၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၄/- ကျပ် |
| CBM Rate | = ၁၅၃၅.၃ /ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၀.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၇.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၈၇.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၄.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၃.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၆.၇၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၆၅၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၀.၈၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၆၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၆၄၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## မလေးရှားနိုင်ငံသို့ အေးခဲသရက်သီးအနှစ်နှင့်သရက်သီးတုံးများ ပထမဆုံးစမ်းသပ်တင်ပို့မည်




မလေးရှားနိုင်ငံ၏ ပို့ကုန်စည်းကမ်းချက်များနှင့်အညီ အေးခဲသရက်သီးနှင့် သရက်သီးတုံးများကို ပထမဆုံးအကြိမ် စမ်းသပ်တင်ပို့မည်ဖြစ်ကြောင်း သဇင်နွယ် သရက်ခြံပိုင်ရှင် ဒေါ်သန်းသန်းဆွေထံကသိရသည်။ မလေးရှားနိုင်ငံက ပို့ကုန် စည်းကမ်းသတ်မှတ်ချက်များတဲ့နိုင်ငံကို တင်ပို့နိုင်တဲ့အတွက် တခြားနိုင်ငံတွေ တင်ပို့ နိုင်ဖို့ လွယ်ကူသွားမှာပါ။ နောက်ထပ်လည်း ပြည်ပနိုင်ငံတွေကို ချိတ်ဆက်တင်ပို့ နိုင်အောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်ဟု ၎င်းကပြောသည်။ မလေးရှားနိုင်ငံသို့ တင်ပို့ခွင့်ရရှိရန်အတွက် သတ်မှတ်စည်းကမ်းချက်များ ပြည့်မီရန် နိုင်ငံတကာပြပွဲ များသို့ သွားရောက်ပြသခြင်း၊ ထောက်ခံချက်လက်မှတ်များကိုရရှိအောင် လုပ်ဆောင် ရခြင်း၊ နမူနာအဆင့်ဆင့်ကို တင်ပို့ရခြင်းတို့ပြုလုပ်ပြီးနောက် ယခုကဲ့သို့ တင်ပို့ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာ ၂၁ရက်နေ့မှာ စတင်တင်ပို့သွားမှာဖြစ်ပါတယ်။ မလေးရှားနိုင်ငံက ခုမှတင်ပို့ခွင့်ရမှာဖြစ်ပါတယ်။ မန္တလေးလေဆိပ်ကနေ မလေးရှားတွေကိုတော့ တိုက်ရိုက်တင်ပို့တာဖြစ်ပါတယ်။ နေ့ချင်းရောက်စနစ်နဲ့ တင်ပို့နေတာဖြစ်ပါတယ်ဟု ဒေါ်သန်းသန်းဆွေက ဆက်ပြောသည်။ ယခုတင်ပို့သည့် အေးခဲသရက်သီးတုံး၊ သရက်သီးအနှစ်၊ သရက်ရေခဲချောင်းတို့မှာ ပြည်တွင်းတွင် ရောင်းအားကောင်း နေသော်လည်း ဈေးနှုန်းအနေဖြင့် သိသာစွာမရရှိကြောင်း၊ ပြည်ပတင်ပို့ခွင့်ရရှိပါက

ပြည်တွင်းမှသရက်သီးများကို တန်းဖိုးမြင့်ထုတ်ကုန်ပြုလုပ်ကာ ပိုမိုတင်ပို့သွားမည် ဖြစ်ကြောင်းသိရသည်။ သရက်သီးအဆင့်မြင့်ထုတ်ကုန်တွေကို ပြည်ပစားသောက်ဆိုင်တွေက အများဆုံးဝယ်ယူလာကြတယ်။ ဒီအတွက် ပိုမိုတိုးမြင့်ထုတ်လုပ်နိုင်အောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ သရက်သီးအလုံးအတိုင်းတင်ပို့တာထက် တန်ဖိုးမြင့် ထုတ်ကုန်အဖြစ်တင်ပို့တာက ပိုတွက်ချေကိုက်ပါတယ်ဟု သရက်ခြံမန်နေဂျာ ဦးဌေးအောင်ကပြောသည်။ ယခုကဲ့သို့ တင်ပို့ရာတွင်သက်ဆိုင်ရာထောက်ခံချက်များရယူရခြင်း၊ နှစ်နိုင်ငံတင်ပိုရမည့် စာရွက်စာတမ်းများ လိုအပ်ချက်ကြောင့် စက်တင်ဘာ လတွင်တင်ပို့ရမည်ဖြစ်သော်လည်း ယခုလ (အောက်တိုဘာ)မှ တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**Source:** http://www.mizzimaburmese.com/article/61587

## အာဆီယံထိပ်သီးအစည်းအဝေးက ဒေသတွင်းဆက်ဆံမှုကို ပိုမိုခိုင်မာအားကောင်းလာစေမည်ဖြစ်ခြင်း

မကြာခင်ကျင်းပမည့်(၃၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကထိုင်းနိုင်ငံအား ၎င်း၏မဟာမိတ်နိုင်ငံများနှင့် အကျိုးတူပူးပေါင်းမှုကိုခိုင်မာအားကောင်းစေမှုနှင့် အာဆီယံ၏ဗဟိုကျဖြစ်တည်မှုကို ပိုမိုတိုးမြှင့်စေလိမ့်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံခြားရေး ဝန်ကြီးဌာနကယမန်နေ့ကပြောကြားခဲ့ပါသည်။အာဆီယံရေးရာဌာန၏ ညွှန်ကြားရေးမှူးချုပ် Suriya Chindawongse က ထိုင်းနိုင်ငံအနေဖြင့် နောက်လအစောပိုင်း၌ စတင်ကျင်းပမည့်(၃၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးက ပြင်ပကမ္ဘာနှင့်ရေရှည်တည်တံ့သော မိတ်ဖက်ဖြစ်မှုကို ခိုင်မာစေအောင်ဆောင်ရွက်သွားလိမ့်မည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ ၎င်းက အာဆီယံ ၂၀၂၅ ပေါင်းစပ်ဆက်သွယ် Master Plan အား တရုတ်နိုင်ငံ၏ Belt and Road Initiative၊ ဂျပန်နိုင်ငံ၏ Infrastructure Plan၊ အိန္ဒိယနိုင်ငံ၏ Act East Policy၊ အမေရိကန်နိုင်ငံ၏ Better Utilization of Investments leading to Development Act တို့နှင့်ချိတ်ဆက်၍ အမှီအခိုကင်းစွာ လေ့လာမှုပြုပေးခဲ့သည့်အတွက် ကမ္ဘာ့ဘဏ် (World Bank) အား ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါသည်။ ဂျပန်နိုင်ငံဝန်ကြီးချုပ်ရှင်ဇိုအာဘေး၊ တောင်ကိုရီးယားသမ္မတ ၎င်းမွန်ဂျေအင်း၊ တရုတ်နိုင်ငံဝန်ကြီးချုပ် လီကာချင်းတို့အနေဖြင့်လည်း နိုဝင်ဘာဘ(၂)ရက်နေ့မှ စတင်ကျင်းပမည့် (၃)ရက်ကြာကျင်းပမည့် ထိပ်သီးအစည်းအဝေးသို့ အခြားနိုင်ငံများမှခေါင်းဆောင်များနှင့်အတူ တက်ရောက်လိမ့်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး Don Pramudwinai ၏ပြောကြားချက်အရသိရှိရပါသည်။ Mr.Suriya က အာဆီယံအနေဖြင့် ဖွန်လကကျင်းပခဲ့သော (၃၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ ထုတ်ပြန်ကြေငြာခဲ့သည့် အင်ဒို-ပစိဖိတ်ဆိုင်ရာကိစ္စရပ်အပေါ် အာဆီယံ၏ အမြင်သဘောထားတို့အား ဆက်လက် တိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အဆိုပါကိစ္စကို သဘောထားအမြင်ဟုခံယူပါကြောင်း၊ မဟာဗျူဟာမဟုတ်ပါကြောင်း၊ မိမိတို့အနေဖြင့် အင်ဒို-ပစိဖိတ်ဆိုင်ရာနိုင်ငံများနှင့် စီမံကိန်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Auramon Supthaweethum က ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ( Regional Comprehensive Economic Partnership )မှာ ယခုနှစ်အကုန်တွင် ပြီးဆုံးမည်ဟု ၎င်းအနေဖြင့် ယုံကြည်ကြောင်း ပြောကြားခဲ့ပါသည်။ ၎င်းက မိမိအနေဖြင့် ဖြစ်နိုင်သည်ဟု ယုံကြည်ကြောင်း၊ နိုင်ငံပေါင်း (၁၆)နိုင်ငံအနေဖြင့် မတည်ငြိမ်သည့်ကမ္ဘာ့စီးပွားရေးကြားမှ မျက်နှာခြင်းဆိုင်ဆွေးနွေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်းဘက်စုံစီးပွားရေးပေါင်းစည်းမှု Regional Comprehensive Economic Partnership (RCEP)ဆိုင်ရာ ကိစ္စရပ်များအား(၇)နှစ်ကြာ စေ့စပ်ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အခွင့်အလမ်းများနှင့် မိမိတို့ကြေငြာခဲ့သည့် ကတိကဝတ်များ ပျက်ဆီးဆုံးရှုံးသွားမှာကို မလိုလားကြောင်း သူမကပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-စင်ကာပူ**

## အိန္ဒိယတွင် မတ်ပဲအပါအဝင် မိုးသီးနှံပဲမျိုးစုံထုတ်လုပ်မှုကျဆင်းနိုင်ပြီး၊ ပဲဈေးနှုန်းများမြင့်တက်နေ၊ ကန့်သတ်ကုန်စည် ပဲအမျိုးအစားများ၏ နောက်ဆုံးတင်သွင်းခွင့်ရက်အား နိုဝင်ဘာ (၃၀) ရက်သို့ သက်တမ်းတိုးပေးဖွယ်ရှိ

အိန္ဒိယတွင် မုတ်သုံမိုးအားကောင်းခြင်းကြောင့် အဓိကပြည်နယ်ကြီး ၄ ခု၌ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများနှင့် ဝါသီးနှံစိုက်ခင်းများ ရေဝင်ခဲ့ပြီး၊ သီးနှံအထွက်နှုန်းနှင့် အရည်အသွေးကျဆင်းမည်ကို တောင်သူများ စိုးရိမ်နေကြကြောင်း၊ သီးနှံစိုက်ခင်းများ ပျက်စီးခြင်းကြောင့် ပဲစဉ်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းဈေးများလည်း မြင့်တက်လာနေကြောင်း သိရှိရသည်။ အိန္ဒိယ

အစိုးရက ထုတ်ပြန်ခဲ့သည့် မိုးသီးနှံ (Kharif Crops) ထုတ်လုပ်မှုပမာဏ ဒုတိယအကြိမ်ခန့်မှန်းချက်၌ ပဲမျိုးစုံထုတ်လုပ်မှု တန်ချိန်မှာ (၈.၂၃) သန်းဖြစ်ပြီး၊ ပထမအကြိမ်က ခန့်မှန်းထားခဲ့သည့် တန်ချိန် (၈.၅၉) သန်းအောက် တန်ချိန် (၃.၆) သိန်း လျော့နည်းခန့်မှန်းထားကြောင်းသိရသည်။

လတ်တလောဖြစ်ပွားခဲ့သည့် ရေကြီးမှုများကြောင့် အိန္ဒိယရှိ ပဲအများဆုံးထုတ်လုပ်သည့် MP ပြည်နယ်၏ မတ်ပဲ ထုတ်လုပ်မှုမှာ လျော့နည်းဖွယ်ရှိသည့်အတွက် အိန္ဒိယသွင်းကုန်လုပ်ငန်းရှင်များသည် မြန်မာမှမတ်ပဲများဝယ်ယူရန် စာချုပ် သစ်များ ဆက်လက်ချုပ်ဆိုနေကြကြောင်း၊ မြန်မာတွင် မတ်ပဲနှစ်စဉ်ထုတ်လုပ်မှုတန်ချိန် (၃.၅) သိန်းဝန်းကျင်အနက် ဩဂုတ် လကုန်အထိ တန်ချိန် (၂.၂၅) သိန်း ပြည်ပသို့ တင်ပို့ပြီးဖြစ်ကြောင်းသိရသည်။

ကန့်သတ်ကုန်စည်အမျိုးအစားများဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ပဲလုံးများ သတ်မှတ်ကာလထက်ပို၍ တင်သွင်းခွင့်ဆက်လက်ရရှိရေးနှင့်စပ်လျဉ်း၍လည်း နောက်ဆုံးတင်သွင်းခွင့်ရက်အား အောက်တိုဘာ ၃၁ ရက် သတ်မှတ်ထား ခြင်းကို ၃/ ၄ လ သက်တမ်းတိုးပေးရန် အိန္ဒိယပဲစက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက အဆိုပြုချက်ခဲ့ရာ အိန္ဒိယကူးသန်း ရောင်းဝယ်ရေးဝန်ကြီးကငြင်းပယ်ခဲ့သည်ဟု အောက်တိုဘာလ (၃) ရက်တွင် သတင်းစာမျက်နှာများ၌ဖော်ပြခဲ့ပါသည်။

သို့ရာတွင် Agriwatch.com ၌ ထုတ်ပြန်ထားသည့် နောက်ဆုံးသတင်းများအရ (၁၈-၁၀-၂၀၁၉) ရက်တွင် အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ နိုင်ငံခြားကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (DGFT) မှ တာဝန်ရှိသူများသည် အိန္ဒိယပဲလုပ်ငန်းရှင်များအသင်း/ ပဲစက်လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှုပြုခဲ့ကြောင်း၊ ကန့်သတ်ကုန်စည်ပဲအမျိုးအစားများ၏ နောက်ဆုံးတင်သွင်းခွင့်ရက်ကို အောက်တိုဘာ (၃၁) ရက်အစား နိုဝင်ဘာ (၃၀) ရက်သို့ အစိုးရက သက်တမ်းတိုးပေးနိုင်ဖွယ်ရှိကြောင်း၊ ပြည်တွင်း၌ မတ်ပဲဈေးများ ထပ်မံမြင့်တက်လာပါက အရံသိုလှောင်ထား သည့်ပဲများကို အစိုးရကိုယ်စား National Agricultural Cooperative Marketing Federation of India Ltd (NAFED) က ယခင်ထုတ်ရောင်းခဲ့သည့် ပမာဏထက်တိုး၍ လေလံတင်ရောင်းချပေးမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်ထိ NAFED ၏ လက်ဝယ် တွင် အရံမတ်ပဲ တန်ချိန် (၂.၃၁) သန်းခန့်ကျန်ရှိနေသေးကြောင်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-အိန္ဒိယ**

## ဝက်မွေးမြူရေးနှင့်သားသတ်ရုံအတွက် ပြည်ပက ဒေါ်လာသန်း ၈၀၀ ရင်းနှီးမြှုပ်နှံရန်ရှိဟုဆို

မြန်မာနိုင်ငံတွင် ဝက်မွေးမြူရေးနှင့် သားသတ်ရုံများတည်ဆောက်ရန် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (International Finance Corporation –IFC) က အမေရိကန်ဒေါ်လာ သန်း ၈၀၀ ရင်းနှီးမြှုပ်နှံမည် ဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ရင် IFC က လာဆွေးနွေးတာရှိပါတယ်။ ဝက်မွေးမြူရေးနဲ့ သားသတ်ရုံတွေကို ၁ နှစ် ကျော်အတွင်းတည်ဆောက်ဖို့ ရင်းနှီးမြှုပ်နှံပါမယ်။ အဲဒါကို အထူးအဖွဲ့ ဖွဲ့နေတယ်။ ၁၇ လအတွင်း ဆောင်ရွက်မှာဖြစ်တယ်ဟုပြောသည်။ အောက်တိုဘာလ ၁၉ ရက်က UMFCCI တွင် ပြုလုပ်သော ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုသမ္မတဦးမြင့်ဆွေ ဦးဆောင်သော မြန်မာ့ စီးပွားရေးနှင့်လုပ်ငန်းရှင်များ လစဉ်ပုံမှန်တွေ့ဆုံပွဲ၌ ယင်းသို့ပြောခြင်းဖြစ်သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုတွင်ပါဝင်သည့် ဝက်မွေးမြူရေးနှင့် သားသတ်ရုံ တည်ဆောက်ရေး အတွက် စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ IFC နှင့် UMFCCI တာဝန်ရှိသူများနှင့်လုပ်ငန်းရှင်များက အထူးအဖွဲ့ ဖွဲ့စည်းပြီး လုပ်ဆောင် သွားမည်ဖြစ်ကြောင်း ဦးဇော်မင်းဝင်းကရှင်းပြသည်။ မည့်သည့်နေရာတွင် စတင်လုပ်ဆောင်သွားမည်ဆိုသည့် အသေးစိတ်ကိုမူ ၎င်းက ပြောဆိုထားခြင်းမရှိပေ။ ထိုသို့ နိုင်ငံတကာအဖွဲ့အစည်းများ ဝင်ရောက်လာခြင်းသည် မွေးမြူရေးနည်းပညာများပါ ရရှိလာမည်ဖြစ်ကြောင်း လုပ်ငန်းရှင်များကပြောဆိုသည်။ မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဒေါက်တာ ကျော်ထင် က အခုလို IFC က လုပ်မယ်ဆိုပြီး ပေါ်လာတာကောင်းပါတယ်။ ပေါ်လာမှပဲ ကျနော်တို့မွေးတဲ့သူလည်း အဆင်ပြေလာမှာ

ဖြစ်တယ်။ အာဖရိက ဝက်အပြင်းဖျားရောဂါဖြစ်မှာစိုးတာကြောင့် နောက်ပိုင်းမွေးတဲ့သူတွေက ပုံစံပြောင်းရမယ်။ IFC ကတော့ ဝက်ကို အလုံပိတ်စနစ်နဲ့မွေးမြူတဲ့ပုံစံနဲ့ ပြောင်းမှာပေါ့နော်ဟု ရောဝတီသို့ပြောသည်။

ပြည်တွင်း မွေးမြူသူများအနေနှင့် လက်ရှိတွင် ၉၀ ရာခိုင်နှုန်းကျော်မှာ တနိုင်တပိုင်မွေးမြူရေးပုံစံနှင့် မွေးမြူနေခြင်းဖြစ်ပြီး စီးပွားဖြစ်မွေးမြူရေးနည်းပါးသဖြင့် ရောဂါကူးစက်မှုပို၍များကြောင်း ၎င်းကဆိုသည်။ ဒေါက်တာကျော်ထင်က အဓိကတော့ IFC က ထောက်ပံ့မှုနဲ့မွေးရင် ပြည်တွင်းမွေးတဲ့သူတွေနဲ့တွဲပြီး ပူးပေါင်းလုပ်စေချင်တယ်။ ဒါမှသာ ပြည်တွင်းက မွေးမြူရေးသမားတွေလည်းကောင်းမယ်ဟုလည်း ပြောဆိုသည်။ လက်ရှိမြန်မာနိုင်ငံ၏ ဝက်မွေးမြူရေးအခြေအနေသည် မွေးမြူသူများ အနည်းငယ်သာရှိပြီး လတ်တလောတွင် ပုဂ္ဂလိကသားသတ်ရုံလည်းမရှိသေးကြောင်း မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်က သိရသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ (YCDC) က နိုင်ငံတကာ အဆင့်မီ ဝက်သား ထုတ်လုပ်ရုံခွဲတခုကို လှိုင်သာယာမြို့နယ်တွင် တည်ဆောက်ရန် စီစဉ်နေကြောင်း YCDC ၏ တိရိစ္ဆာန်ဆေးကုနှင့် အသားထုတ်လုပ်ရုံများ စီမံခန့်ခွဲရေးဌာနကဆိုသည်။ ဝက်သားထုတ်လုပ်ရေးဆောင်ရွက်ရာတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များအား လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း YCDC တာဝန်ရှိသူတဦးကလည်း ပြောကြားထားသည်။ ထိုသို့ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လုပ်ကိုင်ခွင့်ပေးရခြင်းမှာ ဝက်သားနှင့်ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ထုတ်လုပ်နိုင်ပြီး ဈေးကွက်သို့ ထိုးဖောက်သွားနိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ လက်ရှိတွင် ဝက်သားထုတ်လုပ်ရေးဌာနခွဲ (ရွာသာကြီး)နှင့် ဝက်သားထုတ်လုပ်ရေးဌာနခွဲ (ရွာမ၊ အင်းစိန်) ၂ ခုရှိကြောင်း YCDC စာရင်းများတွင် ဖော်ပြထားသည်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အနေနှင့် နွား၊ ဝက်စသည့် ခြံမွေးတိရစ္ဆာန်နှင့်အင်းလုပ်ငန်းတို့တွင် ပြည်ပကုမ္ပဏီ ၁၀ ခု ကျော်က လုပ်ငန်းပေါင်း ၆၆ ခုအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၇၆၆ ဒသမ ၃၂၇ မီလီယံ ဝင်ရောက်ထားကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) စာရင်းများတွင်ပါရှိသည်။ IFC အဖွဲ့သည် ကမ္ဘာ့ဘဏ်အုပ်စုဝင် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင်လည်း စိုက်ပျိုးရေးလုပ်ငန်း၊ လျှပ်စစ် ဓာတ်အားလုပ်ငန်း၊ ငွေကြေးဆိုင်ရာကိစ္စရပ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ကျားမတန်းတူညီမျှရေး၊ စီးပွားရေးဆိုင်ရာ၊ အလုပ်အကိုင်ဆိုင်ရာ အစရှိသည့်ကဏ္ဍများစွာ၌ အရင်းအနှီး၊ နည်းပညာဈေးကွက်နှင့် အခွင့်အလမ်းများကို ကူညီဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းတခုဖြစ်ကြောင်းသိရသည်။

**Source:** https://burma.irrawaddy.com/business/2019/10/21/206561.html

## ဘင်္ဂလားဒေ့ရှ်သို့ ပို့ကုန်ကြက်သွန်နီများ ဆက်တိုက်အဝင်ရှိနေသော်လည်း မောင်တောနယ်စပ်ဈေးကွက်တွင် ကြက်သွန်နီဈေးနှုန်းမြင့်တက်

ဘင်္ဂလားဒေ့ရှ်သို့ ပို့ကုန်ကြက်သွန်နီများ ဆက်တိုက်အဝင်ရှိနေသော်လည်း မောင်တော နယ်စပ်ဈေးကွက်တွင် ကြက်သွန်နီဈေးနှုန်းမြင့်တက်လာနေကြောင်း စုံစမ်းသိရသည်။ ကြက်သွန်နီက ကုန်ကားတွေနဲ့ ဆက်တိုက်အဝင်ရှိပေမယ့် ဝင်လာတဲ့ကြက်သွန်တွေက နယ်စပ်ကုန်သွယ်ရေးနဲ့ပို့တာဆိုတော့ ဈေးကွက်မှာ ကြက်သွန်ဈေးတွေ မြင့်လာတာပါ။ သီတင်းမကျွတ်ခင်က တစ်ပိဿာကို ကျပ် ၁၁၀၀ လောက်ဈေးရှိခဲ့တဲ့ ကြက်သွန်နီက အခုပေါက်ဈေး တစ်ပိဿာ ကျပ် ၁၅၀၀ ကျော်သွားပြီး" ဟု မောင်တော နယ်စပ်မှ ဈေးသည်တစ်ဦးက ပြောကြားသည်။ လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်သို့ မောင်တော နယ်စပ်ကုန်သွယ်ရေးနှင့် စစ်တွေနယ်စပ်ကုန်သွယ်ရေးတို့မှ ကြက်သွန်တင်ပို့နေရသည့်အတွက် ရခိုင်ပြည်နယ်သို့ ကြက်သွန်နီအများအပြား ဝင်ရောက်နေကြောင်းသိရသည်။ အခု ဘင်္ဂလားဒေ့ရှ်က ကြက်သွန်နီတွေ အဝယ်များလာတော့ ဘင်္ဂလားဒေ့ရှ် နိုင်ငံဆိပ်ကမ်းမှာ မြန်မာက ကြက်သွန်နီတင်လာတဲ့ သင်္ဘောတွေအများကြီးပဲ။ မိုးရွာတဲ့နေ့တွေကဆို ကုန်ချဖို့တန်းစီစောင့်ရတယ်။ စစ်တွေက လာတဲ့သင်္ဘော၊ တောင်ကုတ်ကလာတဲ့ သင်္ဘောနေ့တိုင်း အဝင်ရှိနေတယ်ဟု ဘင်္ဂလားဒေ့ရှ်သို့ ကုန်တင်ပို့သည့် သင်္ဘောမာလိန်မှူးတစ်ဦးက ပြောကြားသည်။

ယခင်က ကြက်သွန်နီ အနည်းငယ်သာတင်ပို့ခဲ့သော်လည်း အောက်တိုဘာလဆန်းပိုင်းကစတင်ပြီး ကြက်သွန်နီ တန်ချိန်ထောင်နှင့်ချီကာ ဘင်္ဂလားဒေ့ရှ်မှ ဝယ်ယူလာကြောင်းသိရသည်။ စက်တင်ဘာလအတွင်း မောင်တောနယ်စပ် ကုန်သွယ်ရေး

စခန်းတစ်ခုတည်းမှ ကြက်သွန်နီတန်ချိန် ၁၈၀ ခန့်တင်ပို့ခဲ့ရခြင်းဖြစ်ကြောင်းနှင့် အောက်တိုဘာလဆန်းပိုင်း တွင်လည်း ဆက်လက်တင်ပို့မှုရှိနေကြောင်းသိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ယခင်က အိန္ဒိယနိုင်ငံမှ ကြက်သွန်နီတင်သွင်းခဲ့ခြင်း ဖြစ်ပြီး အိန္ဒိယနိုင်ငံမှ ကြက်သွန်နီတင်ပို့မှုကို ပိတ်ပင်ခဲ့သဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကြက်သွန်ပြတ်လပ်ကာ ဈေးနှုန်း မြင့်တက်နေကြောင်းလည်းသိရသည်။

**Source:** https://news-eleven.com/article/141403

## မြန်မာ့ပန်းဂေါ်ဖီများ ထိုင်းဈေးကွက်သို့ တင်ပို့လျက်ရှိသော်လည်း ဂေါ်ဖီထုပ်များ ဈေးနှိမ်ခံနေရ

မြန်မာ့ပန်းဂေါ်ဖီများအား သောင်းရင်းတစ်ဖက်ကမ်းရှိ ထိုင်းနိုင်ငံ စားသုံးမှုဈေးကွက်ရပ်ဝန်းသို့ တင်ပို့နေရသော်လည်း ဂေါ်ဖီထုပ်များမှာ ဈေးနှိမ်ခံနေရကြောင်းသိရသည်။ မြန်မာနိုင်ငံအရှေ့ဖျား ရှမ်းပြည်နယ် အောင်ပန်း၊ ကလောဘက်မှ ထွက်ရှိသော ပန်းဂေါ်ဖီများကို မြဝတီနယ်စပ်မြို့သို့ နှစ်ညအိပ်ခရီးဖြင့်သယ်ဆောင်လာကြကာ ထိုင်းနိုင်ငံဘက်သို့ ပို့ဆောင်ခြင်း ဖြစ်သည်။ ထိုင်းနိုင်ငံ မဲဆောက်ဈေးကွက်ရပ်ဝန်းတွင် တစ်ဆင့်ရောင်းချသူများက မြဝတီမြို့သို့ လာရောက်ဝယ်ယူပြီး ပို့ဆောင် ကြရာ ယာဉ်ငယ်တစ်စီးအတွက် ချစ်ကြည်ရေးတံတား (ထိုင်းဘက်တွင်) ဘတ်၅၀၀ခန့်ကုန်ကျသည်ဟုဆိုသည်။ ပန်းဂေါ်ဖီ တစ်ပွင့်ကို ထိုင်းဘက်မှာ ဘတ်၂၀ (ကျပ် ၁၀၀၀ ခန့်) နဲ့ ရောင်းချလို့ရပေမဲ့ ဂေါ်ဖီထုပ်ကျတော့ လေးဘတ်သာရောင်းရတဲ့ အတွက်အလုပ်မဖြစ်ဘူး ။ သူတို့ဘက်မှာလည်း ထွက်နေတဲ့အတွက် ဈေးနှိမ်ခံနေရတာပါဟု ပန်းဂေါ်ဖီဝယ်ယူနေသူတစ်ဦးက ပြောကြားသည်။

ရှမ်းပြည်နယ်အောင်ပန်းမှ ပန်းဂေါ်ဖီများ သယ်ဆောင်လာသူ အမျိုးသမီးကဈေးကွက်အရ လာရောက်ရောင်းချရပေမဲ့ သယ်ယူခစရိတ်၊ အထွေထွေစရိတ်မြင့်မားလွန်းခြင်းကြောင့် တွက်ခြေမကိုက်ကြောင်းပြောကြားသည်။ ထိုင်းနိုင်ငံဘက်က ထွက်ရှိသောသရက်သီးများမှာ ကုန်ပစ္စည်းအမယ်သစ်အဖြစ် ပြည်တွင်းဈေးကွက်သို့ အလုံးအရင်းဖြင့်တင်သွင်းနေပြီး အခြား သစ်သီးဝလံများလည်း ဝင်ရောက်လျက်ရှိကြောင်းသိရသည်။

**Source:** https://news-eleven.com/article/141405

## စပါးတန်ချိန်နှစ်သိန်း ပြည်ပသို့ ပထမဆုံးအကြိမ်တင်ပို့မည်

ပြည်ပသို့ စပါးတိုက်ရိုက်တင်ပို့ရန် အစိုးရမှခွင့်ပြုလိုက်ခြင်းကြောင့် ပထမဆုံးအကြိမ် စပါးတန်ချိန်နှစ်သိန်းကို စတင်တင်ပို့ ရောင်းချမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။ ယခုလမှ ဒီဇင်ဘာလကုန်အထိ စပါးတန်ချိန် နှစ်သိန်း ကို ကနဦးတင်ပို့မည်ဖြစ်ပြီး လိုအပ်ပါက စပါးတန်ချိန်ငါးသိန်းထိ ဆက်လက်တင်ပို့ရန်လည်းရှိကြောင်းသိရသည်။ အဆိုပါ စပါးတင်ပို့မှုကို ၂၀၂၀ခုနှစ် ဇန်နဝါရီလကုန်၌ အပြီးတင်ပို့ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဈေးကွက် ဆိုင်ရာ သုံးသပ်အကြံပြုတင်ပြရေးကော်မတီက ဆုံးဖြတ်ကာခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ သို့သော် မည်သည့်နိုင်ငံသို့တင်ပို့မည် ကိုမူ လက်ရှိတွင်မသိရသေးပေ။ စပါးတင်ပို့ခွင့်ကို လွတ်လွတ်လပ်လပ်ပေးထားပါတယ် ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူ တစ်ဦးကပြောသည်။ ထို့ကြောင့် ဝယ်သူနှင့်ရောင်းသူနှစ်ဦး နှစ်ဖက်စာချုပ်ချုပ်ဆိုပြီး တရားဝင်လိုင်စင်လျှောက်ထား၍ လွတ်လပ်စွာတင်ပို့ရောင်းချခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် တရုတ်နိုင်ငံ၏ ပုံမှန်ဝယ်ယူမှုလျော့ကျသွားခြင်းကြောင့် ပြည်တွင်းဆန်လက်ကျန် ငါးသိန်းကျော်ရှိနေ သော်လည်း တစ်ဖက်တွင် ပြည်ပသို့စပါးအတိုင်းတင်ပို့နေပါက ပြည်တွင်း၌ ဆန်ကွဲ၊ ဖွဲနုစသဖြင့် ကုန်ကြမ်းများရှားပါး လာနိုင် သည့်အတွက် ဝေဖန်ထောက်ပြမှုအချို့လည်းရှိကြောင်း ဆန်ကုန်သည်အချို့က သုံးသပ်ပြောဆိုသည်။ စပါးတင်ပို့ခွင့် ပေးတဲ့ အချက်တော့ကြိုက်တယ်။ သဘောကျတယ်။ ဒါပေမယ့် အစိုးရက ဘယ်လိုမျိုး တင်ပို့ ခွင့်ပေးမှာလဲဆိုတာ သဲသဲကွဲကွဲ အဖြေက ရှိသေးတယ်။ ကုန်သည်လက်ထဲပုံအပ်ပြီးတော့ ပို့ခွင့်ပြုတာမျိုးဆိုရင် တောင်သူတွေ တိုက်ရိုက်အကျိုးရှိမှာမဟုတ်ဘူးဟု တွံ့တေး မြို့နယ်၊ ပဒါန်ရေကျော်ကျေးရွာမှ တောင်သူ ဦးခင်ထွေး က မှတ်ချက်ပြုသည်။

အစိုးရက အောက်တိုဘာ ၁၅ရက် တွင် အစိုဓာတ် ၁၄ရာခိုင်နှုန်းနှင့်အဖျင်း အမှော်၊ဖုန်၊ သဲ၊ခဲ ကင်းစင်သည့် စပါးတင်း ၁၀၀ လျှင် ကျပ်ငါးသိန်းသတ်မှတ်သည်ဟု ကြေညာလိုက်ကြောင့် တောင်သူများက ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် မကာမိဟုဆိုကာ

ဝေဖန်ပြောဆိုမှုများ ဖြစ်ပေါ်လျက်ရှိချိန်တွင် စပါးတိုက်ရိုက်တင်ပို့ခွင့်က အခြေခံစပါးဈေးနှုန်း ကောင်းမွန်လာရန် အထောက်အကူပြုနိုင်ကြောင်းလည်း သုံးသပ်မှုများရှိနေသည်။ မြန်မာနိုင်ငံတွင် မိုးစပါးစိုက်ရာသီတွင် နှစ်စဉ်စိုက်ဧက ၁၄ သန်းခွဲခန့် ရှိပြီး စပါးတန်ချိန်အနေဖြင့် ၁၉ သန်းခွဲခန့်ထုတ်လုပ်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနစာရင်းများအရသိရသည်။

**Sources : The Farmer Media**

https://www.facebook.com/myanmaawba/?ref=page_internal

## မြန်မာ့ဝါးကို ပြည်ပနိုင်ငံများကိုတင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်နေ

မြန်မာ့ဝါးကို ပြည်ပနိုင်ငံများရဲ့ဈေးကွက်များကို တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းမှ သိရပါတယ်။ မြန်မာ့ဝါးကို အခြားပြည်ပ ဈေးကွက်နိုင်ငံများကို တင်ပို့နိုင်ရန်အတွက် ဧကများတိုးချဲ့စိုက်ပျိုးကာ တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်သွားမှာဖြစ်တယ်လို့ မြန်မာဝါးစိုက်ပျိုးရေးအသင်းမှ ဥက္ကဋ္ဌ ဦးဝင်းကျော်ဦးကပြောပါတယ်။

**"ဝါးကို ပြည်ပနိုင်ငံတွေက လာရောက်ဝယ်ယူတာရှိပါတယ်။ ဒါပေမယ့် ကိုယ့်နိုင်ငံရဲ့ ရောင်းလိုအားက သူတို့မှာတဲ့ တန်ချိန်လောက် မရနိုင်ဘူး။ အဲတော့ကိုယ့်တွေက သူတို့မှာတဲ့တန်ချိန်အတွက် ဧကများများစိုက်ထုတ်ပေးဖို့လိုတယ်"** မြန်မာ့ဝါးကို ပြည်ပနိုင်ငံများရဲ့ဈေးကွက်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ်ပါ တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက် သွားမှာဖြစ်ကြောင်း အဆိုပါအသင်းမှသိရပါတယ်။ ယခုလအတွင်း မြန်မာ့ဝါးကို ပြည်ပနိုင်ငံများမှဝယ်ယူရန် လာရောက်ဆွေးနွေးညှိနှိုင်းမှုများ ရှိနေကြောင်းလည်း မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်းမှ သိရပါတယ်။

**Sources :** https://greenwaymyanmar.com/posts/make_to_export_Myanmar_bamboo

## ကြက်မွေးမြူသည့်ကုန်ကျစရိတ်များပြီး ရောင်းဈေးရရှိမှုတွက်ခြေမကိုက်ခြင်းကြောင့် မွေးမြူသူများရေရှည်ရပ်တည်ရန်ခက်ခဲ



ကြက်သားနှင့်ကြက်ဥဈေးနှုန်းအသင့်အတင့် ကောင်းမွန်သော်လည်း ဈေးနှုန်းရရှိမှုနှင့် မွေးမြူထုတ်လုပ်စရိတ် တွက်ချက်ပါက တွက်ခြေမကိုက်ခြင်းကြောင့် မွေးမြူသူများရေရှည် ရပ်တည်ရန် ခက်ခဲကြောင်း ကြက်မွေးမြူသူများ၏ ပြောကြားချက်အရ သိရပါတယ်။ အခုကြက်ဈေးက တစ်ပိဿာကို ငွေကျပ် ၂၅၀၀ ရတယ်။ တစ်ကောင်ကို အစအဆုံး ကုန်ကျစရိတ်က ငွေကျပ် ၂၆၀၀ ကျော်ရှိတယ်။ ဒီတော့ အသေးစား၊ အလတ်စား မွေးမြူသူတွေအနေနဲ့ ကြာရှည်ရပ်တည်ဖို့ အခက်အခဲတွေရှိလာတယ်။ အရင်နှစ်က ကြက်သားဈေးကောင်းတော့ တွက်ခြေကိုက်တယ်ဆိုပြီး မွေးတဲ့သူများလာတယ်။ မွေးမြူသူများလာတော့ တွက်ခြေမကိုက်လည်း ဈေးတက်ပြီး ရောင်းဖို့အဆင်မပြေဘူးဟု မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ရှိ ကြက်မွေးမြူသူ ဦးမိုးအောင်ကပြောကြားခဲ့ပါတယ်။

လက်ရှိမန္တလေးတိုင်းဒေသကြီး၌ မွေးမြူသူစာရင်း အတိအကျကောက်ယူထားမှုမရှိသော်လည်း မွေးမြူသူအချင်းချင်း ဈေးကွက်မျှဝေခြင်းဖြင့် မွေးမြူသူတိုးပွားလာကြောင်းသိရပါတယ်။ ကြက်တစ်ပိဿာတစ်ကောင်အတွက် အခုခြံဖမ်းဈေးက ငွေကျပ် ၂၅၅၀ ရှိတယ်။ အဲဒီဈေးက နှစ်လလောက်ရှိပြီဆိုတော့ မွေးမြူသူတွေ အခက်အခဲဖြစ်နေတယ်ဟု မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီး) အတွင်းရေးမှူး ဒေါက်တာနေသူရိန်က ပြောကြားခဲ့ပါတယ်။

ကုန်ထုတ်လုပ်မှုတိုးတက်စေရန် အဓိကလိုအပ်ချက်မှာ ကြက်မွေးမြူရေးအတွက်အသုံးပြုသည့် ထုတ်လုပ်မှုစရိတ်လျှော့ချရန်၊ မိဘမျိုးရိုးကြက်ခြံများ တည်ထောင်ခြင်းကိုအားပေးရန်၊ အသေးစားနှင့်အလတ်စား ကြက်မွေးမြူရေး

လုပ်ငန်းများအတွက် အရင်းအနှီးရရှိနိုင်သည့် အခွင့်အလမ်းများဖော်ဆောင်ပေးရန်၊ ပြည်တွင်း၌ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရန်နှင့် တရားမျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန်အတွက် ပံ့ပိုးပေးရေး စသည့်အချက်များလိုအပ်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှသိရပါတယ်။ လက်ရှိဈေးကွက်အတွင်း ကြက်သားတစ်ပိဿာလျှင် လက်ကားဈေးငွေကျပ် ၂၅၀၀ မှ ၂၆၀၀ ကြားရှိကြောင်းသိရပါတယ်။ **Source: Myawady**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2421-chicken-farm.html

## တောင်ကြီးမြို့နယ်၌ ဝင်ငွေတိုး အိန္ဒိယအာလူးမျိုး စမ်းသပ်စိုက်ပျိုးမှုအောင်မြင်

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့မှ မိုင် ၂၀ ကွာဝေးသည့် နောင်ပစ်ကျေးရွာအုပ်စု ဝင်းယစံပြကျေးရွာအနီး၌ တောင်သူများဖြစ်သည့် ဦးခွန်သိန်းမောင်၊ ဦးခွန်သူရအောင်၊ ဦးခွန်ဆန်းဦးတို့က အိန္ဒိယအာလူးမျိုး စမ်းသပ်စိုက်ပျိုးရာ အောင်မြင် ဖြစ်ထွန်းလျက်ရှိသည်ဟု သိရသည်။ ယခင် ဝင်းယစံပြကျေးရွာတွင်တောင်သူများသည် နှစ်နှစ်မှသုံးနှစ်အထိ တောင်ယာလုပ်ကိုင်မှုများရှိပြီး ယခုမြေ ၅၅ ဧကတွင် အာလူးစိုက်ပျိုး ရန်အတွက် တောင်သူဦးခွန် သိန်းမောင်က ဖိတ်ခေါ်ချက်အရ အိန္ဒိယ အာလူးမျိုးကို စမ်းသပ်စိုက်ပျိုး ခဲ့ကြောင်း၊ အဆိုပါ အာလူးသည် ပထမဆုံး စမ်းသပ်စိုက်ပျိုးမှုဖြစ်ပြီး စိုက်မျိုးမှာ ၂၀၁၉ ခုနှစ်ကအိန္ဒိယနိုင်ငံမှ တင်သွင်းသော ကူဖီဂျူတီအာလူးဖြစ်ပြီး ၂၀၁၉ ခုနှစ် ဇွန်လနောက်ဆုံးပတ်နှင့် ဇူလိုင်လပထမပတ်က စိုက်ပျိုးခဲ့ရာ ရက်ပေါင်း ၁၀၀ တွင် အာလူးကိုစတင်ရရှိ၍ ရက်ပေါင်း ၁၁၀–၁၂၀ တွင် အာလူးကို တူးဖော်ရ ကြောင်း သိရသည်။

ထွက်ရှိလာသည့် အာလူးကို တစ်ခါတည်းရိတ်သိမ်းပြီး ထုပ်ပိုးကာ မန္တလေးဈေးကွက် တိုက်ရိုက်နှင့် ရန်ကုန်ဈေးကွက်တို့ကိုရောင်းချပြီး ကျောက်ပန်းတောင်းဈေးကွက်ကို ပို့ရန်စီစဉ်နေကြောင်း၊ ယခုတူးသည့် အာလူးသည် မန္တလေးဈေးကွက်ကိုရောက်ရှိကာ ဈေးနှုန်းကို အကြီးဆုံး ၇၀ မီလီမီတာကို ငွေကျပ် ၁၀၀၀ နှုန်း၊ ၅၀–၆၀ မီလီမီတာ One ခေါ် အာလူးကို ငွေကျပ် ၉၀၀ နှုန်း၊ ၄၀–၄၅–၅၀ ကြားကို ငွေကျပ် ၈၀၀ နှုန်းဖြင့် ရောင်းဈေးရှိသည်ဟု သိရသည်။ အာလူးအလုံးထွားရန်အတွက် မြေကိုပထမဆုံး ခုတ်ခွဲကြည့်ရပြီး NTK ပါဝင်မှု၊ မိုးရေချိန်နှင့်မြေကြီးလိုအပ်ချက်များကို NTK ကို ရောစပ်၍ ကြီးထွားအောင် ကော့စဖိတ်ရော၍ အသုံးပြုကြောင်း၊ မြန်မာနိုင်ငံတွင် မည်သည့်နေရာမဆို စိုက်ပျိုး၍ ရနိုင်ကြောင်း၊ အရမ်းပူသည့်နေရာတွင် စိုက်ပျိုး၍ မရသော်လည်း မကွေး တိုင်းဒေသကြီး ဆင်ဖြူကျွန်းတွင်ဆောင်းသီးနှံအဖြစ် စိုက်ပျိုးနိုင်ကာ ရောဝတီမြစ်ရိုးတစ်လျှောက်တွင် နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော် ဝါရီလတွင် စိုက်ရကြောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းဒေသတွင်မူ ပင်လယ်ရေမျက်နှာပြင်အမြင့် ပေ ၄၈၀၀ ကျော်ရှိသည့်အတွက် စက်တင်ဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ သုံးကြိမ်စိုက်ပျိုးရကြောင်း၊ နွေရာသီဖြစ်သည့် မတ်၊ ဧပြီ၊ မေတွင်လည်း စိုက်ပျိုးရကြောင်း၊ ဝင်းယစံပြကျေးရွာတွင်လည်း တောင်ကြီးမြို့၏ တောင်ဘက်တွင် ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၄၀၀၀ ကျော်ရှိသောကြောင့် မိုးရာသီတွင် တစ်ကြိမ်နှစ်စဉ်စိုက်ပျိုးရကြောင်း၊ အင်းလေးကန်တစ်ဝိုက်တွင် ဒီဇင်ဘာလ၌ ဆောင်းသီးနှံစိုက်ပျိုး၍ စက်တင်ဘာ၊ အောက်တိုဘာလတွင် လွိုင်ကော်မြို့၌လည်း စိုက်ပျိုးရကြောင်း၊ ပင်လောင်းဒေသသည် ရေရှားပါးမှုနှင့် ရာသီ ဥတုဖောက်ပြန်မှုကြောင့် တစ်နေရာတည်း မစိုက်ဘဲလှည့်ပတ်စိုက်ပျိုး ကြောင်း၊ ဇူလိုင်လတွင် ဝင်းယစံပြ ကျေးရွာ၌ စိုက်ပျိုးရန် ရည်ရွယ်ထားကြောင်း၊ တောင်သူများအနေဖြင့် ပထမဆုံးမျိုးစေ့များ ပြောင်းလဲရန်လိုကြောင်း၊ သုတေသနနှင့် ဈေးကွက်အားနည်း၍ တိုက်ရိုက်တင်ပို့ရောင်းချပါက ပိုကောင်းပြီး ပွဲရုံတွင်ဈေးကွက်များကို အုပ်စုအလိုက် လေ့လာသင့်ကြောင်း၊ တိုက်ရိုက်တင်ပို့ရောင်းချသင့်ပြီး စိုက်နည်းစနစ် ပုံသေတွက်၍ ရပ်တန့်မနေဘဲ အမြဲတမ်းပြောင်းလဲရန်လိုကြောင်း၊ စနစ်တကျပြုလုပ်ပြီး ထုတ်လုပ်မှုကုန်ကျစရိတ် အတတ်နိုင်ဆုံးလျှော့ချနိုင်ပါက ငွေကျပ် သိန်း ၂၅–၃၀ ကုန်ကျစရိတ်ထက်ဝက်ခန့် မြတ်ကြောင်း၊ ပင်လောင်းမြို့နယ် နောင်တရားမြို့နယ်နေထိုင်သူ စန္ဒာခမ်းနောင်တရား အာလူးအသင်းဥက္ကဌ ဦးခွန်အောင်ဆန်းဦးက ပြောသည်။ အာလူးတူးရာမှာ တစ်ရက်ကို ငွေကျပ် ၅၀၀၀ ရပါတယ်။ မနက် ၈ နာရီကို အာလူး စိုက်ကွင်းထဲသွားပြီး ညနေ ၄ နာရီခွဲအထိ အာလူးတူးပါတယ်။ အခုလို အိန္ဒိယအာလူး စမ်းသပ်စိုက်ပျိုးတဲ့အတွက် ကျွန်မတို့ ရွာရှိ ဒေသခံပြည်သူတွေလည်း အလုပ်အကိုင်ရရှိသောကြောင့် ဝမ်းလည်းသာပါတယ်။ ကျေးဇူးလည်းတင်ပါတယ်ဟု ဝင်းယစံပြကျေးရွာမှ မနန်းချစ်ကပြောသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2394043637502797?__tn__=K-R

## မြေပဲနှင့်နှမ်းဈေးနှုန်းများ မြင့်တက်လာသဖြင့် မြေပဲဆီ၊ နှမ်းဆီဈေးနှုန်းများလည်း မြင့်တက်

မကွေးမြို့နယ်၌ မြေပဲနှင့် နှမ်းဈေးနှုန်းများ မြင့်တက်လာသဖြင့် မြေပဲဆီ၊ နှမ်းဆီဈေးနှုန်းများလည်း မြင့်တက်လာကြောင်း သိရသည်။ ဆီစက်ပိုင်ရှင်များက နှမ်းနှင့်မြေပဲဆန်များကို ဈေးအမြင့်ဖြင့် ဝယ်ယူအသုံးပြုရခြင်းကြောင့် နှမ်းဆီနှင့်မြေပဲဆီ ဈေးနှုန်းများလည်း ဈေးမြင့်၍ရောင်းချနေရကြောင်း မကွေးမြို့ပေါ်ရှိ ဆီစက်လုပ်ငန်းရှင်နှင့်ဆီကြိတ်ဆုံလုပ်ငန်းရှင်များထံမှ သိရသည်။ မြေပဲဆန်တစ်ပိဿာဈေးမှာ စက်တင်ဘာလကုန်က ကျပ် ၂၆၀၀ ကျော်သာရှိခဲ့ရာမှ ယခုအောက်တိုဘာလလယ်တွင် ကျပ် ၃၂၀၀ အထိ ဈေးမြင့်တက်လာပြီး နှမ်းအဖြူ တစ်တင်းမှာ ကျပ် ၄၆၅၀၀ ခန့်မှ ကျပ် ၄၉၀၀၀ သို့ မြင့်တက်လာကြောင်း သိရသည်။ ထို့ကြောင့် ဆီဈေးနှုန်းများမှာလည်း မြေပဲဆီမှာ ယခင်လက တစ်ပိဿာလျှင် ကျပ် ၆၅၀၀ မှ ယခုလတွင် ကျပ် ၇၅၀၀ သို့ မြင့်တက်လာပြီး နှမ်းဆီဈေးမှာ ယခင်လက တစ်ပိဿာလျှင် ကျပ် ၆၈၀၀ မှ ယခုလတွင် ကျပ် ၈၀၀၀ သို့ မြင့်တက်လာကြောင်း ဆီအရောင်းဆိုင်များထံမှသိရသည်။

ဆုံကြိတ် နှမ်းဆီတစ်ပိဿာလျှင် ကျပ် ၈၅၀၀ဖြင့် မကွေးမြို့ရှိ ကျေးလက်ဒေသများအပြင် ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်နှင့် အခြားဒေသများသို့လည်း တင်ပို့ရောင်းချနေကြောင်းသိရသည်။ အခုနှစ်က မိုးအကြိုကာလကလည်း မြေပဲနဲ့ နှမ်း စိုက်ပျိုးချိန် တောင်သူတွေအနေနဲ့ နှမ်းနဲ့မြေပဲမျိုးတွေကို ဈေးနှုန်းအမြင့်နဲ့ ဝယ်ယူရတယ်။ တောင်သူလက်ထဲမှာ နှမ်းနဲ့မြေပဲက မကျန်သလောက်ဖြစ်တော့ ဈေးနှုန်းမြင့်တက်လာတယ်။ ဒါ့ကြောင့် ဆီတွေလည်း ဈေးနှုန်းမြင့်တက်ရခြင်းဖြစ်တယ်ဟု ဆားတိုင်ကန်ကျေးရွာမှ တောင်သူတစ်ဦးကပြောသည်။ နှမ်းဖြူနှင့် နှမ်းနက် (စမုန်) ကို ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် အခြားနိုင်ငံများသို့လည်း တင်ပို့နေရပြီး နှမ်းနက် (စမုန်) က အားအင်တိုးပွားပြီး အသက်ရှည်စေသည်ဟု အဆိုရှိသဖြင့် လူကြိုက်များခြင်းကြောင့် တရုတ်ဝယ်လက်များနှင့် ဂျပန်ဈေးကွက်အကြိုက်ဖြစ်၍ နှမ်းနက် (စမုန်) ဈေးနှုန်းမှာ ပိုကောင်းနေကြောင်း အရောင်းအဝယ်ပွဲစားများထံမှသိရသည်။ နှမ်းနက် (စမုန်) က ဈေးကလည်း ကောင်းသလို ဆီကြိတ်ရင်လည်းအထွက်နည်းတယ်။ နှမ်းအနက်ဆီဆိုရင် တစ်ပိဿာကို ကျပ် ၁၂၀၀၀ ရောင်းမှဖြစ်မယ်။ ဒီနယ်ဘက်မှာ အသုံးနည်းတယ်။

စားအုန်းဆီကတော့ အချိန် ၁၀ တစ်ပုံး ကျပ် ၁၈၀၀၀ ခန့်ရှိပြီး ရောဆီကတော့ တစ်ပိဿာ ကျပ် ၂၄၀၀ ရှိတယ်ဟု ဆီစက်ပိုင်ရှင်တစ်ဦးကပြောသည်။ ရွှေခြသေ့်ဆီစက်ပိုင်ရှင် ဦးစောလှဖေက တချို့ဆီဆိုင်တွေမှာ ရောဆီလို့ပြောပေမယ့် စားအုန်းဆီကို ဓာတုဆိုးဆေးနဲ့ ပဲအနံ့၊ နှမ်းအနံ့စတာတွေနဲ့ ရောစပ်ထားတာတွေရှိနေတဲ့အတွက် ရေရှည်မှာစားသုံးသူတွေရဲ့ ကျန်းမာရေးကို ထိခိုက်နိုင်တယ်။ ဒါကြောင့် လူထုအနေနဲ့ တခြားသုံးစွဲမှုလျှော့ပြီး ပဲဆီစစ်၊ နှမ်းဆီစစ်ကိုသာ စားသင့်ပါတယ်ဟု အကြံပြုသည်။ အညာဒေသတွင် မြေပဲဆီနှင့်နှမ်းဆီ ဆုံဆီစစ်စစ်များကို စားသုံးသူများပြားလာသဖြင့် မကွေးမြို့ပေါ်ရှိ ရန်ကင်း၊ ရန်ပယ်၊ အောင်စေတနာစသည့် ရပ်ကွက်များတွင် ဆီကြိတ်လုပ်ငန်းလုပ်သူများလာကာ ကျေးလက်ဒေသသုံး နွားတပ်ဆုံများ အစား အချိန်ကုန်သက်သာပြီးအထွက်နှုန်းကောင်းသည့် မော်တာသုံး သစ်သားဆုံများအသုံးပြု၍ ဆီကြိတ်လာကြကြောင်း သိရသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

www.thefarmermedia.com

## လာမည့် နှစ်ပေါင်း ၂၀ အတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ အထိ ရရှိရန်မျှော်မှန်း

တာဝန်ယူမှု တာဝန်ခံမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ထား၍ လာမည့်နှစ်ပေါင်း ၂၀ အတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ အထိရရှိရန် မျှော်မှန်းထားကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြောဆိုခဲ့သည်။ အောက်တိုဘာ ၁၉ ရက်က ရန်ကုန်မြို့ ကုန်သည်/စက်မှု အသင်းချုပ်၌ပြုလုပ်သည့် နိုင်ငံတော်ဒုတိယသမ္မတ ဦးမြင့်ဆွေဦးဆောင်၍ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာ့စီးပွားရေး လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲအကြိမ်(၃၀)မြောက်တွင်ယင်းကဲ့သို့ ပြော ကြားခဲ့ခြင်းဖြစ်သည်။

တာဝန်ယူမှုရှိတဲ့၊ အရည်အသွေးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကိုကျွန်တော်တို့ ဖိတ်ခေါ်နေပါတယ်။ အဲဒီလိုလုပ်ငန်းတွေ လာလို့ရှိရင်တော့ နိုင်ငံအတွက် အကျိုးရှိမယ်ဆိုတာသေချာ ပါတယ်။ နိုင်ငံတော်ရင်းနှီးမြှုပ်နှံမှု စီမံကိန်းကို ဂျပန်အစိုးရအဖွဲ့က အကူအညီတောင်းပြီးတော့ ရေးဆွဲထားတာ လက်တွေ့အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ လာမယ့် နှစ်၂၀ အတွင်း မှာ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ ကျော်ရရှိမယ်လို့ မျှော်မှန်းထား ပါတယ်"ဟု ၎င်းကပြောကြားသည်။

ကမ်းလွန်ရေနံလုပ်ကွက်နှင့် ပြည်တွင်းဓာတ်သတ္တုရှာဖွေရေးလုပ်ငန်းများကို စိစစ်ပြီး ခွင့်ပြုမည်ဆိုပါက ယခင်က မကြုံစဖူး FDI ကြီးကြီးမားမားရရှိမည့် အလားအလာရှိပြီး အစိုးရအနေဖြင့်လည်း အပြုသဘောဆောင်သည့် မူဝါဒရေးရာ

ပြင်ဆင်မှုများကို လုပ်ဆောင်နေ သည့်အတွက် မြန်မာနိုင်ငံသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) မှာ ၂၀၂၀--၂၀၂၁ ဘဏ္ဍာနှစ်တွင် မြန်မာ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး သိသိသာသာ အကျိုးရှိလာမည်ဖြစ်ကြောင်း ဒုတိယသမ္မတက ပြောကြားသည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်ကစ၍ ကုမ္ပဏီမှတ်ပုံတင်ခြင်းကို ကျပ်နှစ်သိန်းခွဲမှတစ်သိန်းခွဲအထိ လျှော့ချထားပြီး အွန်လိုင်းတွင် ဆောင်ရွက်သည့်အဆင့်များကိုလည်း လျှော့ချလိုက်ပြီဖြစ်ရာ ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင်လုပ်ငန်းများလာရောက်လုပ်ကိုင်ရာ၌ လွယ်ကူလာမည်ဖြစ်သည်။ မကြာမီရက်ပိုင်းက ADB မှ ထုတ်ပြန်သည့် အစီရင်ခံစာအရ မြန်မာနိုင်ငံသည် လာမယ့် နှစ်တွင် GDP ၆ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းထားပြီး ကမ္ဘာ့ဘဏ်ကလည်း ၆ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းထားသည့်အတွက် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာနိုင်ကြောင်း ဒုတိယသမ္မတက ဆက်လက်ပြောကြားခဲ့သည်။

**Source: The Myanmar Times**

https://www.facebook.com/kope.aung/posts/2469644819971395

## ယခုနှစ်ကုန်တွင် မကွေးတိုင်းအတွင်းဖြတ်သန်းမည့် စက်သုံးဆီသယ်ယာဉ်များ နိုင်ငံခြားမှတင်သွင်းသည့် ဆီသယ်ယာဉ်ဖြင့်သာ သယ်ဆောင်ခွင့်ပြုတော့မည်



မကွေးတိုင်းဒေသကြီးအတွင်း ရေနံစိမ်း၊ ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် ဓာတ်ငွေ့သယ်ယာဉ်များကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ပိုင်းတွင် နိုင်ငံခြားမှ တင်သွင်းသည့် Original ဘောက်ဆာယာဉ်များဖြင့်သာ သယ်ဆောင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတသဘာဝပတ်ဝန်းကျင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်ထံမှသိရသည်။


နိုင်ငံခြားက တင်သွင်းလာသည့် Truck မော်တော်ယာဉ်များကို မြန်မာပြည်တွင် လောင်စာဆီသယ်ယူရန် ဘောက်ဆာအလုံးလိုက်တင်ပြီး စက်သုံးဆီဆီ သယ်ဆောင်မှုများ မှ မကြာခဏမီးလောင်မှုများဖြစ်ပွားနေ၍ ယခုလို Original ဘောက်ဆာယာဉ်များဖြင့်သာ သယ်ဆောင်ခွင့်ပြုသည်။ ၂၀၁၉ ခုနှစ် ဩဂုတ် ၇ ရက်က ဒုတိယအကြိမ်ခေါ်ယူကာ ထပ်မံသတိပေးပြောကြားခဲ့ပြီး နိုင်ငံခြားကလာတဲ့ Original ယာဉ်တွေ ဝယ်ဖို့ အချိန်လည်းပေးပြီးပြီ၊ သဘောတူကြောင်းလည်း သတိပေးပြီးပြီ၊ (ကညန)က လည်း ဥပဒေအကိုးအကားတွေရှင်းပြတယ်။ သက်ဆိုင်ရာဝန်ကြီးကလည်းရှင်းပြတယ်။ အဲဒါကို မလိုက်နာရင် ဥပဒေအရ ဘယ်လိုအရေးယူနိုင်တယ်ဆိုတာကို တိုင်းယာဉ်ထိန်း တပ်ဖွဲ့မှူးကလည်းရှင်းပြခဲ့တယ်ဟု ၎င်းက ပြောဆိုသည်။

မော်တော်ယာဉ်တွေ နိုင်ငံခြားကဝင်လာတာက Truck ယာဉ်တွေဆိုပြီး ဝင်လာခဲ့တာပါ။ မြန်မာပြည်ရောက်တော့ ဘောက်ဆာအလုံးလိုက်တင်ကြတယ်။ မြန်မာပြည်ရောက်လို့ ပြင်လို့မရဘူးလားဆိုတော့ ပြင်လို့ရတယ်။ ရေသယ်ယာဉ်၊ မီးသတ်ရေသယ်ယာဉ်တို့ကို ပြန်ပြင်ခွင့်ရှိတယ်။ ဒါပေမဲ့ ဓာတုဗေဒနဲ့ပတ်သက်တဲ့ ရေနံစိမ်း၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ အရေး ကြီး ပေါက်ကွဲစေတတ်တဲ့ အက်စစ်၊ ဓာတ်ငွေ့ရည်တို့ကို နိုင်ငံခြားကနေခံနိုင်ရည်ရှိတဲ့ သတ္တုသို့မဟုတ် စတီးလ်တွေနဲ့သာ သယ်ဆောင်ခွင့်ရှိတာပါ။ မြန်မာပြည်မှာအစကတော့ ရေသယ်ယာဉ်လုပ်ပြီး နောက်ကျတော့ ရေနံစိမ်း၊ ဓာတ်ဆီ၊ ဒီဇယ်ဆီတွေ သယ်နေတာတွေရှိနေကြတယ်ဟု ၎င်းကပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/129893.html

**myanmar.mmtimes.com**

## လက်ရှိဘဏ္ဍာနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အလားအလာကောင်းတွေရှိနေ



၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာ မြန်မာနိုင်ငံရဲ့စီးပွားရေးဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုဟာ သိသိသာသာ အကျိုးရှိလာမယ်။ လက်ရှိဘဏ္ဍာနှစ်မှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အတွက် ကမ်းလွန်ရေနံလုပ်ကွက်နဲ့ ဓာတ်သတ္တုရှာဖွေ ထုတ်လုပ်ရေးလုပ်ငန်းတွေ စိစစ်ခွင့်ပြုပေးမယ်ဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟာ အလားအလာကောင်းတွေရှိနေတယ်လို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ဥက္ကဋ္ဌ ဦးသောင်းထွန်းက ပြောပါတယ်။ အောက်တိုဘာလ ၁၉ ရက်နေ့က ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) မှာ ပြုလုပ် တဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနဲ့ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များရဲ့ အကြိမ် ၃၀ မြောက် ပုံမှန်တွေ့ဆုံပွဲအခမ်းအနားမှာ အခုလိုထည့်သွင်းပြောကြားတာပါ။

ဦးသောင်းထွန်းက ပြီးခဲ့တဲ့ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်မှာ ဒေါ်လာ ၄. ၂ ဘီလျံခန့်သာ ကျွန် တော်တို့ခွင့်ပြုပေးနိုင်ခဲ့ပါတယ်၊ အဓိကကတော့ ဒီနှစ်မှာ နိုင်ငံရေးအခြေအနေအရ ကျွန်တော်တို့ကို အမြင်မကြည်မှုအပိုင်းတွေရှိနေသလို ဒီဟာကို မြန်မာနိုင်ငံမှာလာရောက်ပြီးတော့ ရင်းနှီးမြှုပ်နှံဖို့ နှောင့်နှေးနေတာရှိပါတယ်။ သို့သော် Deadline မှာ အဆိုပြုထားမှုတွေ ကိုကြည့်မယ်ဆိုရင် လာမယ့်နှစ်မှာ စံချိန်တင်လောက်နိုင်တဲ့ အခြေအနေရမယ်လို့ မျှော်မှန်းထားပါတယ်လို့ ဆိုပါတယ်။ လက်ရှိမှာလည်း အစိုးရအနေနဲ့ တာဝန်ယူမှုရှိပြီး အရည်အသွေးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်နေပါတယ်။ သည်လိုလုပ်ငန်းတွေ လာရောက်မြှုပ်နှံမယ်ဆိုရင် နိုင်ငံအတွက် အကျိုး ရှိမှာသေချာလှတယ်လို့ ဆိုပါတယ်။ အခုဆိုရင် ရင်းနှီး မြှုပ်နှံမှုကဏ္ဍနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ် နှံမှုမြှင့်တင်ရေးစီမံကိန်းကို ဂျပန်အစိုးရအဖွဲ့ဖြစ်တဲ့ JICA ရဲ့အကူအညီနဲ့ ရေးဆွဲထားကာ လက်တွေ့အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ သည်စီမံကိန်းအရ လာမယ့်နှစ် ၂၀ အတွင်းမှာ ရင်းနှီးမြှုပ်နှံမှုပမာဏက အမေရိကန်ဒေါ်လာ ဘီလျံ ၂၀၀ ကျော်ရရှိမယ်လို့ ခန့်မှန်းထားကြောင်းလည်း ဦးသောင်းထွန်းက ဆိုပါတယ်။

အစိုးရအနေနဲ့ လက်ရှိမှာ အပြုသဘောဆောင်တဲ့ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကို ဆက်လက်လုပ်ကိုင်နေပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာ မြန်မာနိုင်ငံရဲ့စီးပွားရေးဝန်း ကျင်ဖွံ့ဖြိုးတိုးတက်မှုဟာ သိသိသာသာအကျိုးရှိလာမယ်လို့လည်းသိရပါတယ်။ ဒါ့အပြင် ADB ရဲ့ ထုတ်ပြန်ချက်အရ မြန်မာ့ဂျီဒီပီမှာ ၆. ၆ ရာခိုင်နှုန်းအထိ တိုးတက်မယ်လို့ ခန့်မှန်းထားမှုနဲ့ ကမ္ဘာ့ဘဏ်က ၆. ၈ ရာခိုင်နှုန်းအထိ တိုးတက်မယ်လို့ ခန့်မှန်းထားတာတွေကြောင့်လည်း မြန်မာနိုင်ငံရဲ့ အလားအလာမှာ ကောင်းမွန်နေတယ်လို့ ဦးသောင်းထွန်းကဆိုပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ နိုင်ငံရဲ့ကုန်သွယ်မှုပမာဏကတော့ အမေရိကန်ဒေါ်လာ ၃၄.၉၈ ဘီလျံ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် လျာထားချက်ထက် အမေရိကန်ဒေါ်လာ ၃. ၈၇၉ ဘီလျံ ပိုမိုဆောင်ရွက်နိုင်ခဲ့တယ်လို့လည်း ဒုတိယသမ္မတ (၁) ဦးမြင့်ဆွေက စီးပွားရေးလုပ်ငန်းရှင်များနဲ့ တွေ့ဆုံပွဲမှာ ပြောကြားခဲ့ပါတယ်။ ဒီကုန်သွယ်မှု ပမာဏမှာ ပုဂ္ဂလိကကဏ္ဍအနေနဲ့ အမေရိကန်ဒေါ်လာ ၂၉.၃၀၉ ဘီလျံ ပါဝင်တဲ့အတွက် ၈၄ ရာခိုင်နှုန်း အထိ ဆောင်ရွက် နိုင်တာကိုတွေ့ရှိရတယ်လို့လည်း ဆိုပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုများအနေနဲ့ လုပ်ငန်းအရေအတွက် ၁၃၁၅ ခုရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉. ၂၁၄ ဘီလျံဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေနဲ့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနဲ့တွေ့ဆုံတာ အခုဆိုရင် အကြိမ် ၃၀ ရှိပြီ ဖြစ်ပြီး ပြီးခဲ့တဲ့ ၂၉ ကြိမ် မြောက်တွေ့ဆုံမှုအထိ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ အခက်အခဲအကြံပြုတင်ပြချက် ပေါင်း ၃၀၀ ကျော်ကို အကြောင်းပြန်ကြားပေးခဲ့ပြီးဖြစ်တယ်လို့သိရပါတယ်။

**Source:** https://www.kumudranews.com/news-

# STOCK EXCHANGE (22.10.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 22nd Oct. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | -500 | -4.17% | 11,500 | 12,000 | 11,500 | 1,708 | 19,643,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,950 | +0 | +0.00% | 3,950 | 3,950 | 3,950 | 10,645 | 42,047,750 | 38,929,150 | 153,770 |
| MCB | 00003 | 8,300 | +100 | +1.22% | 8,300 | 8,300 | 8,300 | 4 | 33,200 | 10,400,986 | 86,328 |
| FPB | 00004 | 23,500 | +0 | +0.00% | 23,500 | 23,500 | 23,500 | 515 | 12,102,500 | 2,472,053 | 58,093 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 2,950 | 2,720 | 8,159,650 | 12,823,224 | 38,470 |


## Market summary

As of 22nd Oct. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 473.56 | -9.14 | -1.89% | 472.80 | 482.99 | 472.80 | 15,592 | 81,986,100 | 5 | 648,458 |

### Index chart




## Market Overview

As of 12:00 pm, 22nd Oct. 2019

| MYANPIX | 482.99 ▲ 0.29 |
|---|---|
| Total Volume (shares) | 11,973 |
| Total Value (MMK) | 67 mil |
| Listed Company | 5 |
| Market Cap. (MMK) | 661,373 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 3,950 | ▲ 0 |
| MCB | 00003 | 8,300 | ▲ 100 |
| FPB | 00004 | 23,500 | ▲ 0 |
| TMH | 00005 | 2,950 | ▼ 50 |